ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဓနုဖြူမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကျုံကဇင်းကျေးရွာ ၊ ဆင်လမ်းကြီးအုပ်စု



၂၀၂၀ခုနှစ် ဓနုဖြူမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာအုပ်စုမြေပုံ (ကျေးရွာတည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာသမိုင်းကြောင်း

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၆.၁။ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ (Social and Resourse Map)

၆.၂။ ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calendar)

၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking)

၆.၄။ ကျား-မပင့်ကူအိမ်သုံးသပ်ခြင်း (Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Venn Diagram)

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက် ပုံစံ စ-၁(PC-1)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)

၁၂။ ကျေးရွာအချက်အလက် ပုံစံ စ-၁(PC-1)


၁၃။ စီမံကိန်းစက်ဝန်းအချိန်ဇယား ပုံစံ စ-၂(PC-2)

၁၄။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ပုံစံ စ-၃(PC-3)


၁၅။ အစည်းအဝေးမှတ်တမ်းများ

၁၆။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# မြို့နယ်မြေပုံ


ဓနုဖြူမြို့နယ်
N
W
E
S
ဓနုဖြူမြို့နယ်
ကျေးရွာအုပ်စုပြမြေပုံ
စကေး ၁.၆လက်မ = ၁.မိုင်
ဟင်္သာတမြို့နယ်
ပန်းတနော်မြို့နယ်
ညွှန်ပြချက်
၁။တိုင်းနယ်နမိတ်
၂။ခရိုင်နယ်နမိတ်
၃။မြို့နယ်နယ်နမိတ်
၄။ကျေးရွာအုပ်စုနယ်နမိတ်
၅။မြစ်ချောင်း/တူးမြောင်း
၆။ကားလမ်း
၇။ရထားလမ်း

# ကျေးရွာအုပ်စုမြေပုံတည်နေရာ



## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | လူဦးရေစုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆင်လမ်းကြီး | ၁၅၂ | ၃၁၁ | ၃၄၃ | ၆၅၄ |
| ၂။ | တောင်ကုန်းလေး | ၅၃ | ၉၆ | ၉၂ | ၁၈၈ |
| ၃။ | သရေကနက် | ၆၅ | ၁၁၇ | ၁၃၁ | ၂၄၈ |
| ၄။ | ကျုံကဇင်း | ၆၆ | ၁၃၇ | ၁၄၉ | ၂၈၆ |
| | | | | | |

## ကျုံကဇင်းကျေးရွာ၏
## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းဒုတိယနှစ်စက်ဝန်း(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း<br>(Village History) | ၂၃.၃.၂၀၂၀ | ကျေးရွာအကြောင်းကိုသိသောရပ်မိရပ်ဖ (အမျိုးသား၊သမီး)များ ကျေးရွာအုပ်ချုပ်ရေးမှူး | ၁၉ | ၁၇ | ၃၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများကိုရွာသူရွာသားများနှင့်အတူဆွေးနွေး၍အများသဘောတူဆုံးဖြတ်သတ်မှတ်ခြင်း။ |
| ၂ | ကျေးရွာလူမှုရေး၊ စီးပွားရေး အရင်းမြစ်ပြမြေပုံ<br>(Social and Resource Map) | ၂၃.၃.၂၀၂၀ | ကျေးရွာသူ/သားများနှင့် မြေပုံရေးဆွဲတက်သူ ကော်မတီဝင်အချို့နှင့် ကျေးရွာကြောင်းကိုနံ့နံ့စပ်စပ်သိသောလူငယ်လေးများ | ၆ | ၆ | ၁၂ | ကျေးရွာစီးပွားရေးအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ သောက်သုံးရေ ရရှိမှု၊ ပညာရေးကျန်းမာရေးလိုအပ်ချက်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုများကိုဆွေးနွေးခြင်း။ |
| ၃ | ရာသီခွင်ပြက္ခဒိန်<br>(Seasonal Calendar) | ၂၃.၃.၂၀၂၀ | ကော်မတီဝင်များ(ကျား၊ မ)တောင်သူလယ်သမား၊ လက်လုပ်လက်စား၊ ဈေးသည်များနှင့်လယ်လုပ်သားများ (အမျိုးသား၊အမျိုးသမီး) | ၆ | ၆ | ၁၂ | ကျေးရွာတွင် ရာသီအလိုက် လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်အကိုင်များ၊ ဝင်ငွေရရှိမှုများ၊ နှင့် ပွဲတော်ရက်များအကြောင်း ဆွေးနွေးခြင်း |
| ၄ | ချမ်းသာကြွယ်ဝမှု အဆင့်ခွဲခြင်းဥပမာပြဇယား<br>(Wealth Ranking) | ၂၃.၃.၂၀၂၀ | ကျေးရွာသူ/သားများနှင့် အုပ်ချုပ်ရေးမှူး၊ ကော်မတီဝင်များ | ၆ | ၆ | ၁၂ | ကျေးရွာအတွင်းရှိဥစ္စာဓနပိုင်ဆိုင်မှုအား အဆင့်ခွဲခြင်း။ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ<br>(Venn Diagram) | ၂၃.၃.၂၀၂၀ | ကျေးရွာအတွင်းရှိအဖွဲ့စည်းများ၊ ကျေးရွာသူ၊ကျေးရွာသားများ | ၆ | ၆ | ၁၂ | ကျေးရွာအတွင်းရှိ လက်ရှိဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးလုပ်ဆောင်နေပုံအား ဆွေးနွေးခြင်း။ |
| ၆ | ပိုင်ဆိုင်မှုအရင်းအမြစ်<br>(Acess to control over) | ၂၃.၃.၂၀၂၀ | ကျေးရွာသူ/သားများ | ၆ | ၆ | ၁၂ | အမျိုးသားနှင့်အမျိုးသမီးများ ပိုင်ဆိုင်မှုအရင်းအမြစ်များ |
| ၇ | အမျိုးသား၊ အမျိုးသမီးအခြေအနေသုံးသပ်ချက်ပြမြေပုံ<br>(Spider Web) | ၂၃.၃.၂၀၂၀ | ကျေးရွာသူ/သားများ | ၆ | ၆ | ၁၂ | ကျေးရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်အပိုင်း၊ ပညာရေး၊ အလုပ်အကိုင်၊ ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးပူးပေါင်းပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများအား အမျိုးသား၊အမျိုးသမီး နှိုင်းယှဉ်ဆွေးနွေးခြင်း။ |


| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ကျေးရွာ၏ (၅) နှစ်စာ ဦးစားပေး ဖွံ့ဖြိုးရေးအစီအစဉ် (Metric Ranking) | ၂၈.၃.၂၀၂၀ | ကျေးရွာသူ/သားများ၊ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ။ | ၄၃ | ၂၃ | ၆၆ | ကျေးရွာအတွက်လိုအပ်သော အဆောက်အဦးပိုင်းဆိုင်ရာနှင့် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေး အတွက် လုပ်ဆောင်ချင်သော လုပ်ငန်းများ၊ လုပ်ဆောင်မည့်သူများအား ကြိုတင်ဆွေးနွေးခြင်း။ |
| ၉ | ကျေးရွာအုပ်စု၏ ဖွံ့ဖြိုးရေး အစီအစဉ်ပြဇယား (VTDP) | ၁၃.၈.၂၀၂၀ | ကျေးရွာအုပ်စု ကော်မတီဝင်များ၊ | ၄ | ၄ | ၈ | ကျေးရွာအုပ်စုအတွက် ပိုမို၍အရေးကြီးသော လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ကာ အရင်ဆုံးပြုလုပ်ရန် ဆွေးနွေးခြင်း။ |

## ကျေးရွာသမိုင်းကြောင်း

ကျုံကဇင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊နေပြည်မြို့နယ်၊ဆင်လမ်းကြီးအုပ်စုတွင် ပါဝင်တည်ရှိပါသည်။ ရှေးလွန်ခဲ့သောနှစ်ပေါင်း(၁၅၀)လောက်ကတည်းက ရွာဖြစ်တည်ခဲ့သည်ဟု သိရပါသည်။ ကျုံကဇင်းဟုအမည်ခေါ်တွင်ရခြင်းမှာ အင်္ဂလိပ်စစ်တပ်များသည် နယ်ချဲ့သိမ်းပိုက်ရန် တော်တလူချောင်းရိုးတစ်လျှောက် စစ်သင်္ဘောများဖြင့် ဆင်းလာခဲ့ပါသည်။ ဗမာ့စစ်သေနာ ပတိကြီးများမှ စစ်သင်္ဘောများဆက်လက်တက်မလာနိုင်ရန် ချောင်းရိုးနံဘေးရှိသစ်ပင်၊ ဝါးပင်များကိုခုတ်လှဲပြီး ကျုံးသဖွယ် ပြုလုပ်ကြပါသည်။ယခုကျုံကဇင်းကျေးရွာ၏ အနိမ့်ချိုင့်ပှမ်းများတွင် ဆင်များနာနေရာစခန်းတစ်ခုတည်ဆောက်ပြီး ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်ခဲ့ပါသည်။ ဆင်များဖြင့် စစ်တိုက်ရာတွင် ထိုကျုံးကဆင်း၊ ထိုကျုံးကတက်ရာမှ ကျုံကဆင်းဟုအမည်တွင်လာပါသည်။ အချိန်ကာလပြောင်းလာသည်နှင့်အမျှကျုံကဆင်းကို ကျုံကဇင်းဟုခေါ်တွင်ကြပြီး တနည်းအားဖြင့် ကျုံကဇင်းရွာအား ကျိုက်ကဇင်းရွာဟုလည်းခေါ် တွင်ခဲ့ပါသည် ကာလရွေ့လျောလာသောအခါ ကျုံကဇင်းရွာဟု ပြောင်းလဲခေါ်တွင်ခဲ့သည်ဟု လည်း သိရပါသည်။ ကျုံကဇင်းရွာသည် မြန်မာမင်းများ ထီးနန်းကျပြီး အင်္ဂလိပ်အစိုးရအား တော်လှန်သူ မြန်မာသူရဲကောင်း ဗိုလ်မြတ်ထွန်းထီးနန်းစိုက်ရာ ညောင်ပင်ကြီးတဖက်ကမ်းတွင် တည်ရှိပါသည်။

ယခုအခါတွင် အိမ်ထောင်စု(၆၆)စုရှိပြီး၊ အမျိုးသား (၁၃၇)ဦး၊ အမျိုးသမီး (၁၄၉)ဦး နေထိုင်ကြပါသည်။ ကျေးရွာတွင်ဗမာလူမျိုးစုများနေထိုင်ပြီးဗုဒ္ဓဘာသာကိုးကွယ်ကြပါသည် ကရင်လူမျိုးများလည်းရှိပါသည်။ ရွာ၏တောင်ဘက်ခြမ်းတွင် တော်တလူချောင်း ရှိပါသည်။ ထိုချောင်းကို အခြေပြု၍ တံငါလုပ်ငန်းလည်း လုပ်ကိုင်ကြပါသည်။

## ၆.၁။ ဓနုဖြူမြို့နယ်၊ ဆင်လမ်းကြီးအုပ်စု၊ ကျုံကဇင်းကျေးရွာ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

ကျုံကဇင်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဆင်လမ်းကြီးအုပ်စုတွင် ပါဝင်တည်ရှိပါသည်။ အိမ်ထောင်စု (၆၆)စုရှိပြီး၊ အမျိုးသား (၁၃၇) ဦး၊ အမျိုးသမီး (၁၄၉)ဦး နေထိုင်ကြပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ ပါသည်။ ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူများလည်းရှိပါသည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းကိုအဓိက လုပ်ကိုင်ကြပြီး တံငါ လုပ်ငန်းနှင့် ငါးရှဉ့်ကျော့ခြင်းနှင့်နေ့စားလုပ်ကိုင်ကြပါသည်။ ရွာ၏တောင်ဘက်တွင် ချောင်း တစ်ခုရှိပါသည်။ရွာတွင်ဖွံ့ဖြိုးရေးအဆောက်အုံများ မရှိပါ ။ စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဘာသာရေး အဆောက်အအုံများ မရှိသော ရွာလေးတစ်ရွာ ဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး**

ကျုံကဇင်းကျေးရွာတွင်းရှိလမ်းသည်မြေသားလမ်းဖြစ်ပြီး တစ်ဝက်မှာ လူထုဗဟိုပြုစီမံကိန်း မှပြုလုပ်သော ကွန်ကရစ်ဘီးလမ်းဖြစ်သည်။ ဆင်လမ်းကြီးအုပ်စုအနေနှင့်ကြည့်လျှင် အုပ်စုတွင်းရှိ

အခြားရွာများထက်မြို့သို့သွားသောလမ်းမကြီးနှင့် အနီးဆုံးရွာတစ်ခု အဖြစ် သတ်မှတ်၍ရသော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်း၍ မိုးရာသီတွင် သွားလာရ အလွန်ခက်ခဲပါသည်။

**သောက်သုံးရေ**

ကျုံကဇင်းကျေးရွာသည် သောက်သုံးရေသန့်မရှိသဖြင့် ရေသန့်သုံးစွဲရာတွင် အခက်အခဲရှိပါသည် အိမ်တချို့တွင် ရေတုံကင်မှရေကို အသန့်ခံကာ သောက်ရေအဖြစ် သုံးစွဲရပါသည်။ ချောင်းရှိသောကြောင့် သုံးရေအတွက် မိုးတွင်းအခါ မိုးရေနှင့်ချောင်းကိုအမှီပြုနေထိုင်ကြပါသည်။

**ကျန်းမာရေး**


ကျန်းမာရေးဆေးပေးမရှိ၍ နာမကျန်းဖြစ်သောအခါ ဆေးမြီးတို (သို့မဟုတ်) အဝေးသို့ သွားရသည့်အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။ ကျန်းမာရေး လက်လှမ်းမီမှု အလှမ်းကွာဝေးပါသည်။

**အနှစ်ချုပ်**

ကျုံကဇင်းကျေးရွာသည် နွေရာသီတွင် သောက်သုံးရေသန့်မလုံလောက်ခြင်း ချောင်းရှိသော်လည်း သောက်သုံးရေသန့်မရရှိသောအခက်အခဲ။မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိခြင်း၊ ကျန်းမာရေးဆေးပေးခန်း နီးကပ်စွာမရှိသောအခက်အခဲများ ရွာတွင်စာသင်ကျောင်း မရှိ၍အခြားရွာသို့သွားရောက်ပညာသင်ကြားရခြင်းများရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၆) ဦး၊ မ ( ၆ ) ဦး

## ၆.၂။ဓနုဖြူမြို့နယ်၊ ဆင်လမ်းကြီးအုပ်စု၊ ကျုံကဇင်းကျေးရွာ ရာသီစွင်ပြ ပြက္ခဒိန်ပုံစံပြဇယား



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

ကျုံကဇင်းကျေးရွာတွင် အဓိက အသက်မွေးဝမ်းကြောင်းအနေနှင့် လယ်ယာလုပ်ငန်း ကို အဓိကထားလုပ်ကိုင်ကြပါသည်။ တံငါလုပ်ငန်း၊ နေ့စားလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေး - နယုန်၊ ဝါဆို၊ တန်ဆောင်မုန်း၊ နတ်တော်၊ လများတွင် စပါးစိုက်ပျိုးကြ၍ တန်ခူး၊ တန်ဆောင်မုန်း၊ နတ်တော်၊ တပေါင်းလများတွင် ရိတ်သိမ်းသည်။

လမ်းပန်းဆက်သွယ်ရေး - နယုန်လ မှ တန်ဆောင်မုန်းလအထိ လမ်းပန်းဆက်သွယ်ရေးမကောင်း၊

ဝင်ငွေရရှိမှုမှာ - သီတင်းကျွတ်၊ တန်ဆောင်မုန်း၊နတ်တော်ပြာသိုလများတွင်ဝင်ငွေရရှိပြီး ကျန်လများတွင် ဝင်ငွေနည်းပါးပါသည်။


ကျန်းမာရေး - နယုန်၊ဝါဆို၊ဝါခေါင်လများတွင် ကျန်းမာရေးချို့တဲ့မှု များပြားကြပါသည်။

**အနှစ်ချုပ်**

လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ သောက်သုံးရေသန့် လုံလောက်မှုမရှိခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေးနှင့်ပါတ်သက်၍ အလှမ်းကွာဝေးခြင်း များ တွေ့ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၆ ) ဦး၊ မ ( ၆ ) ဦး

## ၆.၃။ မနေဖြူမြို့နယ်၊ ဆင်လမ်းကြီးအုပ်စု၊ ကျုံကဇင်းကျေးရွာ ဥစ္စာဓနကြွယ်ဝမှု ဇယားသုံးသပ်ချက်


ကျုံကဇင်းကျေးရွာ

ဥစ္စာဓနကြွယ်ဝမှု

ဆင်လမ်းကြီးအုပ်စု

၂၇.၇.၂၀၂၀

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက-၁၀၊ သစ်အိမ်၊ လယ်ထွန်စက်၊ စပါးစက်၊ စက်လှေ၊ ဆိုင်ကယ် | ၄ | ၆ |
| အလယ်အလတ် | ဝါးအိမ်၊ သွပ်မိုး၊ လယ်-၅ ဧက၊ ဆိုင်ကယ်၊ လှေ | ၁၅ | ၂၃ |
| နွမ်းပါး | ဝါးအိမ်၊ ဓနိမိုး၊ တံငါ၊ ပိုက်၊ စက်ဘီး၊ လက်လုပ်လက်စား၊ နေ့စား | ၄၇ | ၇၁ |
| စုစုပေါင်း | | ၆၆ | ၁၀၀% |

### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျုံကဇင်းကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ခြေ ( ၄၇ )အိမ်၊ ဂါးအိမ်သွပ်မိုး.အလယ် အလတ် (၁၅)အိမ်၊ ချမ်းသာသောအိမ် (၄)အိမ် ရှိပါသည် ဆင်းရဲနွမ်းပါးသူများခြင်းမှာ အလုပ် အကိုင်ရှားပါးခြင်း၊ မှီခိုသူများပြားခြင်းကြောင့်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအတန်အသင့် ကောင်းသော်လည်း အခွင့်အလမ်းနည်းပါး ပေးလံခြင်း၊ ဂင်ငွေထွက်ငွေမမျှတခြင်း၊ အိမ်ထောင်စုတွင် ကလေးဦးရေ များပြားခြင်း ကြောင့်ဖြစ်ပါသည်။


အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း၊ အသက်မွေးဂမ်းကြောင်းသင်တန်းများ ပို့ချပေးခြင်းဖြင့် တပိုင်တနိုင် အသက်မွေးလုပ်ငန်း၊ အသေးစားလုပ်ငန်းလေးများအား ဖန်တီးလာ နိုင်မည် ဖြစ်သည်။

### အနှစ်ချုပ်

နွမ်းပါးရခြင်းမှာ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း၊ ဂင်ငွေထွက်ငွေ မမျှတခြင်း ရင်းနှီးမတည်ငွေ မရှိခြင်း၊ စီးပွားရေး အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဂင်ဆွေးနွေးသူ - ကျား ( ၆ )ဦး၊ မ ( ၆ )ဦး

## ၆.၄။ ဓနုဖြူမြို့နယ်၊ ဆင်လမ်းကြီးကျေးရွာအုပ်စု၊ ကျုံကဇင်းကျေးရွာ ပင့်ကူအိမ် သုံးသပ်ချက်



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**



ကျုံကဇင်းကျေးရွာရှိ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ ပါဝင်မှုများပြီး အမွေရပိုင်ခွင့်၊ အဖွဲ့အစည်းများတွင်ပါဝင်ခွင့်များတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိမှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်များတွင် အမျိုးသားများထက် ပါဝင်ခွင့်နည်းပါးနေသည်ကိုတွေ့ရပါသည်။စီမံကိန်းမှဖော်ဆောင်သောလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်ခြင်းဖြင့် တန်းတူလုပ်အားခရရှိရန် မျှော်မှန်းထားကြပါသည်။ အမျိုးသမီးများ၏ အခန်းကဏ္ဍများကို ထည့်သွင်းစဉ်းစား၍ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုလည်း ဖော်ထုတ်ပေးသင့်ပါသည်။

**အနှစ်ချုပ်**

အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နည်းပါးသောကြောင့်ဝင်ငွေ နည်းပါး နေသည်ကို တွေ့ရပါသည်။ ဝင်ငွေမရရှိသောလုပ်ငန်းများတွင်သာ အချိန်ကုန်နေရသည်ကိုလည်း တွေ့ရှိရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၆ )ဦး၊ မ ( ၆ )ဦး

## ၆.၅။ ခနဖြူမြို့နယ်၊ ဆင်လမ်းကြီးအုပ်စု၊ ကျုံကဇင်းကျေးရွာ အရင်းအနှီးထိန်းချုပ်မှု ပုံစံပြဇယား

### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျုံကဇင်းကျေးရွာတွင် စက်ချုပ်၊ ဈေးရောင်း၊ မြက်ကောက်၊ ကောက်စိုက်လုပ်ငန်းများကို အမျိုးသမီးများက ဦးဆောင်လုပ်ကိုင်သုံးစွဲ ထိန်းချုပ်ကြပါသည်။ ငါးဖမ်းလုပ်ငန်း၊ ထွန်စက်၊ စက်လှေ၊ ဘော့ချ၊ ငါးရှဉ့်ကျော့ စသည့်အရင်းအမြစ် လုပ်ငန်းများကို အမျိုးသားများက ဦးဆောင်သုံးစွဲထိန်းချုပ်ကြပါသည်။ ဆိုင်ကယ်၊ လမ်း၊ လယ်၊ စက်ဘီး၊ ချောင်း၊ ဂါးတော စသည့်အရင်းအမြစ်အများစုကို အတူတူပူးပေါင်းသုံးစွဲသော်လည်း လမ်း၊ လယ်၊ ဂါးတော စသည့် အရင်းအမြစ်များကိုသာအတူတူဦးဆောင် ထိန်းချုပ်၍ အခြား အရင်းအမြစ် အများစုကို အမျိုးသားများ ဦးဆောင်ထိန်းချုပ်နေသည်ကိုတွေ့ရပါသည်။

### အနှစ်ချုပ်

အချုပ်အားဖြင့်အမျိုးသမီးများအား အမျိုးသားများနည်းတူတန်းတူအခွင့်အရေး ဆုံးဖြတ်ခွင့်ပေးခြင်း၊ အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားအောင် အသက်မွေးမှုသင်တန်းများ ပို့ချပေးခြင်းဖြင့် အမျိုးသမီးများဦးဆောင်နိုင်သည့် အစွမ်းအစများ တဖက်တလမ်းမှ ရရှိနိုင်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၆ )ဦး၊ မ ( ၆ )ဦး

## ၆.၆။ ဓနုဖြူမြို့နယ်၊ဆင်လမ်းကြီးအုပ်စု၊ ကျုံကဇင်းကျေးရွာ အဖွဲ့အစည်း ချိတ်ဆက်မှုဇယား သုံးသပ်ချက်



**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း**

ကျုံကဇင်းကျေးရွာတွင် သာရေးနာရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာခေါင်းဆောင်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ UNDP အဖွဲ့ BG အဖွဲ့များ၊ သမဝါယမချေးငွေအဖွဲ့ရှိပါသည်။ ကျေးရွာခေါင်းဆောင်၊ ရာအိမ်မှူး ဆယ်အိမ်မှူးများသည် အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ UNDP သည် မြို့နယ် UNDP အဖွဲ့၊ သမဝါယမချေးငွေအဖွဲ့သည် မြို့နယ်သမဝါယမချေးငွေ၊ BG အဖွဲ့သည် မြို့နယ်BG အဖွဲ့နှင့် ဆက်စပ်နေပါသည်။ လူထုဗဟိုပြုစီမံကိန်းမှဖွဲ့စည်းထားသော ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့မှာ ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ကြသည်။ သာရေးနာရေးအဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့သည် ကျေးရွာအတွင်းတွင်သီးခြားရပ်တည်ပြီး ရွာ၏သာရေးနာရေးကိစ္စရပ်များကို ဦးရွက် ဦးဆောင် လုပ်ကိုင်နေသူများဖြစ်ပါသည်။

**အနှစ်ချုပ်**

ကျုံကဇင်းကျေးရွာသည်အဖွဲ့အစည်းဖွဲ့စည်းမှုအနေနှင့်အတန်အသင့်ရှိပြီးထိုအဖွဲ့အစည်း များတွင် အမျိုးသမီးပါဝင်မှုရှိသည်ကို တွေ့ရသည်။ အခြားအဖွဲ့အစည်းများတွင်လည်း အမျိုးသမီး များထို့ထက်ပိုမိုပါဝင်လျှင် ပို၍စွမ်းဆောင်ရည်များမြင့်မားလာနိုင်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၆ ) ဦး၊ မ ( ၆ ) ဦး ။

ဆင်လမ်းကြီးအုပ်စု၊ကျုံ့ကဗင်းကျေးရွာ ၊ကျေးရွာလူထုမှဆွေးနွေးနေပုံ



ဆင်လမ်းကြီးအုပ်စု၊ကျုံ့ကဗင်းကျေးရွာအစည်းအဝေးပြုလုပ်နေပုံ။



| စဉ် | အမည် | ကျား | မ | ရာထူး/တာဝန် |
|---|---|---|---|---|
| ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ | | | | |
| ၁။ | ဦးကျော်မြိုင် | √ | | ဥက္ကဌ |
| ၂။ | ဒေါ်တင်မာဂင်း | | √ | ဥက္ကဌ |
| ဝယ်ယူရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်မြမိုး | | √ | ခေါင်းဆောင် |
| ၂။ | ဦးစိုးမင်းထက် | √ | | မှတ်တမ်းထိန်း |
| ၃။ | ဒေါ်စန်းဝေ | | √ | အဖွဲ့ဝင် |
| ကျေးရွာငွေစရင်းကိုင် | | | | |
| ၁။ | ဦးဂင်းတင် | √ | | တာဝန်ခံ |
| စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | | | | |
| ၁။ | ဦးကျော်ဂင်းစိုး | √ | | ခေါင်ဆောင် |
| ၂။ | ဦးထွန်းသိန်း | √ | | အဖွဲ့ဝင် |
| ၃။ | ဒေါ်သဲအိဖြူ | | √ | အဖွဲ့ဝင် |
| လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ | | | | |
| ၁။ | ဒေါ်အေးသန်း | | √ | ခေါင်းဆောင် |
| ၂။ | ဦးကျော်မိုး | √ | | အဖွဲ့ဝင် |
| ၃။ | ဒေါ်မြဂင်း | | √ | အဖွဲ့ဝင် |
| ဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံ | | | | |
| ၁။ | ဦးမြညွှန့် | √ | | တာဝန်ခံ |
| ၂။ | ဒေါ်သင်းသင်းမော် | | √ | တာဝန်ခံ |
| ကျေးရွာစေတနာ့ဝန်ထမ်း | | | | |
| ၁။ | ဦးမင်းဇော် | √ | | အကူ |
| ၂။ | ဒေါ်ဒေစီ | | √ | အကူ |

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးခွန်းပုံစံ၌ တောင်းခံရသည်။ ဤအချက်အလက်များကို မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ တဆင့် ဖြည့်စွက်ရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကျော်အောင် | ၀၉. 953273035 | ဦး[illegible] |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | နေပြည် | [illegible] | [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေ |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၇၉ | ဘာသာ (၁) ဗုဒ္ဓ | ၇၉ |
| လူမျိုးစု (၂) ကရင် | ၁ | ဘာသာ (၂) ခရစ်ယာန် | ၁ |
| လူမျိုးစု (၃) -------- | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ဗမာ | ၁၀၀ | ၃၅ |
| လူမျိုးစု (၂) ကရင် | ၁ | ၂ |
| လူမျိုးစု (၃) ---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၁ | ၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | |
| [illegible] | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | |
| လယ်လွှန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | |
| အထက်တန်းကျောင်း | ☐ | | | အခြား | |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာ | |
|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာ သူ | | ရွာတွင်း နေထိုင်သူ | အခြားရွာမှ လာသူ | | ရွာတွင်နေထိုင်သူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ✓ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားေ လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/ (မရှိပါ) /မသိပါ

(စ) ခရီးအကွာအဝေး ၁၁မိုင်ခွဲ

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၂၀မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်
အခြား ------------------

မိုးရာသီတွင်ကြာချိန်------၄၀မိနစ်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှေ/မော်တော်ဘုတ်
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --UNDP------------------------

(၂) --သာယာချမ်းမြေ--------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။


☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်မောင်

လက်မှတ် [signature] နေ့ ၆.၈.၂၀၁၈.

လူထုစည်းရုံးရေးမှူး အမည် ဦးစောဂျော့ထွေးချော

လက်မှတ် [signature] နေ့စွဲ ၆.၈.၂၀၁၈.



ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| |
|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး[illegible] |
| နေ့စွဲ ၆.၈.၂၀၁၈ — စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ရခိုင် (ရေဝတီ) — မြို့နယ် နေဖြူ — ကျေးရွာအုပ်စု [illegible] — ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးသို့တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု% |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၆.၈.၂၀၁၈ | ၆.၈.၂၀၁၈ | ၂၉ | ၃၅ | ၆၄ | ၆၄ | ဗမာ | ၈၀ | ၈၀% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၇.၈.၂၀၁၈ | ၇.၈.၂၀၁၈ | ၃၂ | ၃၄ | ၆၆ | ၆၆ | ဗမာ | ၈၀ | ၇၀.၈% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

# ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဌေးဦးမောင် |
| နေ့စွဲ ၇.၈.၂၀၁၈ \| စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ \| မြို့နယ် ဓနုဖြူ \| ကျေးရွာအုပ်စု ဆင်လယ်ကြီး \| ကျေးရွာ ကျုံကလိုင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကျွန်တော်တို့ရွာတွင် မိုးရာသီတွင်လမ်းပျက်စီးပါသဖြင့် သွားရေးလာရေး ခက်ခဲပါသည်။ | ၁ | ကျွန်မတို့ကျေးရွာတွင် မိုးရာသီတွင်လမ်းများ ပျက်စီးသဖြင့် ခက်ခဲပါသည်။ |
| ၂ | နွေရာသီတွင် သောက်သုံးရေအတွက် အခက်အခဲရှိပါသည်။ | ၂ | မိုးအခါတွင် ချောင်းရေကြောင့် ကျောင်းသူ/သားများ ကျောင်းတက်ရာတွင် ခက်ခဲပါသည်။ |
| ၃ | မိုးအခါတွင် ချောင်းရေစီးသည့်အတွက် လုံခြုံမှုမရှိပါ။ ကျောင်းသူ/သားများ ကျောင်းတက်ရာတွင်လည်း ခက်ခဲပါသည်။ | ၃ | နွေရာသီတွင် သောက်သုံးရေ အခက်အခဲရှိပါသည်။ |
| ၄ | ကျွန်ုပ်တို့ ချောင်းကူးတံတားမရှိသဖြင့် အခက်အခဲရှိပါသည်။ | ၄ | ကျွန်မတို့ရွာတွင် အလုပ်အကိုင်ရှားပါးသောကြောင့် စားဝတ်နေရေး ခက်ခဲပါသည်။ |
| ၅ | ကျွန်တော်တို့ရွာတွင် အစည်းအဝေးခန်းမ မရှိသည့်အတွက် အခက်အခဲရှိပါသည်။ | ၅ | အစည်းအဝေးလုပ်ရာတွင် နေရာထိုင်ခင်း ခက်ခဲပါသည်။ |
| ၆ | | ၆ | ကိုယ်ပိုင်ခြံမြေမရှိသောကြောင့် နေရေးထိုင်ရေး ခက်ခဲပါသည်။ |
| ၇ | | ၇ | စာပေဗဟုသုတ အားနည်းသော အခက်အခဲရှိသည်။ ကျန်းမာရေးနှင့်ပတ်သက်သော အခက်အခဲရှိသည်။ |
| ၈ | | ၈ | ကျွန်မတို့ရွာတွင် ချောင်းကူးတံတား ~~ခက်ခဲ~~ မကောင်းမှု၍ သွားရေးလာရေး ခက်ခဲပါသည်။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျွန်တော်တို့ရွာတွင် လမ်းများ ကောင်းလာပါက သွားရေးလာရေး အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။ | ၁ | မိုးရာသီတွင်လမ်းကောင်း၍ ကျောင်းသူ/သားများ သွားရေးလာရေး အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။ ညအခါ မီးလင်းရောင် ရှိပါက ကျောင်းသူ/သား |
| ၂ | နွေရာသီတွင် သောက်သုံးရေ လုံလောက်ရရှိရန် မျှော်မှန်းပါသည်။ | ၂ | များ စာကျက်ရာမှာ ရွာသူ/သားများ သွားရေးလာရေး အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။ သန့်ရှင်းသော သောက်သုံးရေ ရှိပါက ကျန်းမာရေး |
| ၃ | ညအခါတွင် မီးလင်းရောင်ရရှိပါက သွားရေးလာရေးနှင့် ကျောင်းသူ/သားများ စာကျက်ရာမှာ အဆင်ပြေမည်ဟု မျှော်မှန်း | ၃ | ကောင်းမွန် လာမည်ဟု မျှော်မှန်းပါသည်။ အလုပ်အကိုင်ပေါများပါက ~~သွား~~ စားဝတ်နေ ရေး အခက်အခဲပြေမည်ဟု မျှော်မှန်းပါသည်။ |
| ၄ | ကျွန်တော်တို့ရွာတွင် ချောင်းကူးတံတား ရှိပါက ကူးသန်းသွားလာမှု အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။ | ၄ | အစည်းအဝေးပြုလုပ်ရာတွင် ခန်းမဆောင် ရှိပါက အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။ |
| ၅ | ကျွန်တော်တို့ရွာတွင် အစည်းအဝေးခန်းမ ရှိပါက အစည်းအဝေးပြုလုပ်ရာမှာ အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။ | ၅ | ကိုယ်ပိုင်မြေရှိပါက နေရေးထိုင်ရေး အဆင်ပြေမည်ဟု မျှော်မှန်းပါသည်။ |
| ၆ | | ၆ | စာကြည့်တိုက်ရှိပါက ရွာသူ/သားများ အသိပညာတိုးပွားလာမည်ဟု မျှော်မှန်းပါသည်။ |
| ၇ | | ၇ | ဆေးပေးခန်း ရှိပါက ကျန်းမာရေးအတွက် လုံခြုံစိတ်ချမှု ရှိပါသည်ဟု မျှော်မှန်းပါသည်။ |
| ၈ | | ၈ | ချောင်းကူးတံတားကောင်းမွန်ပါက ကျောင်းသား/သူများနှင့် ရွာသူ/သားများ သွားလာရေး ကောင်းမွန်မည်ဟု မျှော်မှန်းပါသည်။ |

။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းကျောက်ခင်းလမ်း | ကျား+မ | ၂၇၅ သိန်း | ၃၇၈ |
| ၂ | ရေသန့်တွင်းစက် | ကျား+မ | ၆၅ သိန်း | ၃၇၈ |
| ၃ | ချောင်းကူးတံတား | ကျား+မ | ၁၂၅ သိန်း | |
| ၄ | အစည်းအဝေးခန်းမ | ကျား+မ | | |
| ၅ | လျှပ်စစ်မီး | ကျား+မ | | |
| ၆ | စာကြည့်တိုက် | မ | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကိုယ်ပိုင်ခြံမြေ | မ | ကိုယ်ပိုင်ခြံမြေ |
| ၂ | ဆေးပေးခန်း | မ | ကျန်းမာရေး |
| ၃ | အသက်မွေးဝမ်းကြောင်းသင်တန်း | မ | အသက်မွေးဝမ်းကြောင်းသင်တန်း |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦး ကျော်ဖေအောင်------ လက်မှတ် ---[signature]--- နေ့စွဲ---၅.၈.၂၀၁၈------

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ဓရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးကျော်ဇော | ၀၉၄၅3243035 | ဦးဝင်းထွန်းအောင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ဓနုဖြူ | ဘင်လာဗ်ကြီး | ကျုံကရင် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)--ဗမာ | ၇၈ | ဘာသာ(၁)--ဗုဒ္ဓ | ၇၈ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၉ |
| စစ်ဘေးရှောင် | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၁၆၆ | ၁၇၉ | ၃၄၅ |
| လူမျိုးစု (၁)--ဗမာ | ၁၆၆ | ၁၇၉ | ၃၄၅ |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၇၀ | ၈ | ၇၈ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | |
